
mgyobe.com

SAMPLE BOOK


# နေမျိုးနှင့်သူ့ဇာဆရာ စကားပြောခြင်း

နေမျိုး




mgyobe.com

mgyoe.com SAMPLE BOOK



နေမျိုးနှင့်သူ၏ဆရာ
စကားပြောခြင်း

နေမျိုး

နေမျိုးနှင့်သူ၏ဆရာ
စကားပြောခြင်း
9 782025 001675

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK

# နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း

## နေမျိုး

Facebook Page - Sar Yeik Myaing – စာရိပ်မြိုင်စာပေ
Email - saryeikmyaing@gmail.com
Phone - 09762226020

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၆၇)

# ပုံနှိပ်မှတ်တမ်း



## နေမျိုး

## နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း


| | |
|---|---|
| ထုတ်ဝေသည့်အကြိမ် | ♦ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ |
| မျက်နှာဖုံးဒီဇိုင်း | ♦ နေမျိုး |
| အတွင်းဒီဇိုင်း | ♦ ခိုင်ဇင်ထွန်း |
| ထုတ်ဝေသည့်အုပ်ရေ | ♦ ၅၀၀ |
| စာအုပ်တန်ဖိုး | ♦ ၇၅၀၀ ကျပ် |
| ထုတ်ဝေသူ | ♦ ဦးပြည့်အာကာ(၀၁၀၇၄-စာရိပ်မြိုင်စာပေ)<br>အမှတ် ၁၀၈၊ သဘောကျောင်း ၂ လမ်း၊<br>သဘောကျောင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။ |
| ပုံနှိပ်သူ | ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၁၁)<br>အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊<br>ပန်းဆိုးတန်း လမ်းမကြီး၊ မိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊<br>ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀ |

နေမျိုး
နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း / နေမျိုး။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၁၂၈၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၆၇) နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ♦ | အမှာစာ | ၄ |
| ၁။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း | ၆ |
| ၂။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၂ | ၁၃ |
| ၃။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၃ | ၁၉ |
| ၄။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၄ | ၂၅ |
| ၅။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၅ | ၃၁ |
| ၆။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၆ | ၃၇ |
| ၇။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၇ | ၄၃ |
| ၈။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၈ | ၄၉ |
| ၉။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၉ | ၅၄ |
| ၁၀။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၁၀ | ၆၀ |
| ၁၁။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၁၁ | ၆၆ |
| ၁၂။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၁၂ | ၇၅ |
| ၁၃။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၁၃ | ၈၁ |
| ၁၄။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၁၄ | ၈၇ |
| ၁၅။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၁၅ | ၉၃ |
| ၁၆။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၁၆ | ၉၉ |
| ၁၇။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၁၇ | ၁၀၅ |
| ၁၈။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၁၈ | ၁၁၁ |
| ၁၉။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၁၉ | ၁၁၇ |
| ၂၀။ | နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၂၀ | ၁၂၃ |


mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

ကျွန်တော် ဒီစာအုပ်ကလေး ရေးဖြစ်ပုံကို ပြောပြလိုပါတယ်။ ကဗျာနဲ့ ကျွန်တော့်ရဲ့ဘဝကို ဖော်ပြလိုရင်းရှိပြီး အချီအချ စကားပြောဟန်ကို အဓိက အသုံးပြုထားပါတယ်။ မူလစတင်ရေးခဲ့တာက Daily Eleven သတင်းစာမှာပါ။ ၁ ကနေ ၂၀ ထိ ရေးခဲ့တာပါ။ ဒီစာအုပ်ထဲမှာ တစ်ကြိမ်တစ်ခါမျှ ပုံနှိပ်ဖော်ပြခြင်း မရှိခဲ့တဲ့ ကဗျာအချို့အကြောင်းကိုလည်း ထည့်သွင်း ပြောဆိုကြပုံတွေ တွေ့နိုင်မှာ ဖြစ်ပါတယ်။

ကဗျာအကြောင်းကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောဆိုကြတာတွေ ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။ တကယ်တော့ ကဗျာဟာ မွှမ်းရင်မွှမ်းသလောက် ကိန်းခန်း ကြီးလှပါတယ်။ ချဲ့ရင်ချဲ့သလောက် နယ်ပယ်ကျယ်ဝန်းလှပါတယ်။ ချုံ့ရင်ချုံ့ သလောက် အနှစ်ပြည့်ပါတယ်။ ကဗျာကောင်းတစ်ပုဒ်နဲ့ မြိန်ယှက်ရတာ အရသာ တွေ့ရတာကို အရိပ်အမြွက်ဖော်ပြနိုင်ခဲ့ပြီး ဒီစာအုပ်ရဲ့အနှစ်ချုပ်ကတော့ နေမျိုး တစ်ယောက် ကဗျာကို ဘရိတ်အုပ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

ကဗျာနဲ့ ကဗျာဆိုင်ရာ အယူအဆတွေ၊ ကြံဆချက်အသစ်အဆန်းတွေဟာ အရှိန်အဟုန်နဲ့ ပြေးနေကြချိန်မှာ နေမျိုးက ကဗျာကို ဘရိတ်အုပ်လိုက်တာပါ။ ခေတ်ပေါ်ကဗျာနေရာကလေးမှာ ရပ်ဆိုင်းလိုက်တာ ဖြစ်ပါတယ်။ မြန်မာကဗျာ ဖြစ်ပေါ်ပြောင်းလဲမှုမှာ အသစ်ဖန်တီးမှုတွေကို မငြင်းပယ်ပါ၊ ကျွန်တော်ချစ်တဲ့

mgyoe.com

ခေတ်ပေါ်ကဗျာနေရာကလေးမှာပဲ ဘရိတ်အုပ်လိုက်တာ ဖြစ်ပါတယ်။

ကဗျာနှင့် ရေစက်ဆုံတွေ့နိုင်ကြပါစေ။

နေမျိုး
၁၃. ၈. ၂၀၂၅
နံနက် ၀၀း၀၄ နာရီ
မန္တလေးမြို့။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း

နေမျိုး ။ ။ ကျွန်တော် စာအုပ်အဟောင်း မှတ်စုအဟောင်းတွေထဲက ကဗျာအတိုအစကလေးတွေ ပြန်တွေ့တယ် ဆရာ။ သိပ်အကြိုက်ကြီး မဟုတ်ခဲ့ပေမဲ့ ဒီနေ့ ပြန်ဖတ်ကြည့်တော့ မဆိုးဘူးထင်မိတယ်။

ဆရာ ။ ။ ဒါမျိုးက ဖြစ်တတ်တဲ့သဘာဝပဲ၊ ပြန်မဖတ်မိတဲ့ ရေးလက်စ စာတွေကို အချိန်အတော်ကြီးကြာမှ မထင်မှတ်ဘဲ ဖတ်မိတဲ့အခါ အရသာတစ်မျိုး ရှိနေတတ်တယ်။ စာပေလက်ရာတစ်ခု သဘောအပြင် အောက်မေ့ဖွယ် အရေးအသားအဖြစ်ပါ တွေ့လိုက်ရတာမျိုးပေါ့။

နေမျိုး ။ ။ ဟုတ်မယ် ဆရာ။ ကျွန်တော်ရေးစဉ်က စာရွက်လွတ်တစ်ခုပေါ်မှာ ရေးခဲ့တာ။ ကော်ပီတောင် ကူးမထားဘဲ စက္ကူကို ခေါက်သိမ်းထားခဲ့တာပဲ ဆရာ။ ကျွန်တော် ရေးခဲ့တာ ခုနစ်ပုဒ်လောက်ရှိမယ် ကဗျာအတိုကလေးတွေချည့် စီးရီးသဘော ရေးခဲ့တာပဲ။

ဆရာ ။ ။ ဘာအကြောင်းတွေလဲ။

နေမျိုး ။ ။ ကျေးလက် ကောက်စိုက်ချိန် အကြောင်းတွေချည့်ပါပဲ။

ဆရာ ။ ။ ကျေးတောသား မဟုတ်ဘဲ ကျေးလက်သဘာဝအကြောင်းကို ရေးရတာ ဘယ်လိုပြင်ဆင်ခဲ့သလဲ။

နေမျိုး ။ ။ ကျွန်တော်က ကျေးတောသား မဟုတ်ပေမဲ့ ကျေးလက်တောရွာကို

mgyoe.com

m gyyoe.com

ချစ်ခင်တယ် ဆရာ။ ပြီးတော့ မန်းတင်ရဲ့ "ကိုဖိုးလုံး" ဝတ္ထုတိုတွေ ဆင်ဖြူကျွန်းအောင်သိန်းရဲ့ "ကိုဆေးရိုး မကျည်းဒန်" ဝတ္ထုတိုတွေ ပြီးတော့ ကျေးလက်ကောက်စိုက်တေး ကဗျာတွေကို မြိန်မြိန် ယှက်ယှက် ဖတ်ခဲ့တယ်လေ။ အကျွန်တို့လယ် ကောက်စိုက်တုန်းက ရှေးရေးကဗျာဆို သိပ်နှစ်သက်ခဲ့ပါတယ်။ တို့လှတုန်းမြင်ပတဲ့ အောင် အဖာတွေတစ်ရာလောက်ကိုပေါ မြောက်လို့ပြစမ်း ဆိုတာ များ မျက်စိထဲ ထင်းခနဲပါပဲဗျာ။

ဆရာ ။ ။ မင်းကဗျာကို ပြပါဦး။

နေမျိုး ။ ။ ဒီမှာပါ။

*ကိုမိုးဒေဝါက*
*လယ်သူမမိတ်ဆွေ*
*ရွာဖျန်းလို့ ပက်ပါစေ*
*လယ်ယာမြေတစ်ခွင်လုံး*
*ပင်ကောက်နှံသန်ကာထွား*
*မြသားရောင်ဖုံး။*

၂၀၂၄ ဇွန် ၁ ရက်မှာ ရေးခဲ့တာပါ ဆရာ။

ဆရာ ။ ။ လေးလုံးစပ် အသွားပဲ။ မင်းတို့ခေတ်ပေါ် ကဗျာဆရာမျိုးဆက်က လေးလုံးစပ်ကိုတော့ နိုင်နင်းကြသူတွေက အများစုပါပဲ။ တာရာမင်းဝေ တစ်ယောက်ကတော့ သူက ဂန္ထဝင်စပ်ထုံးမည်သည့်ကဗျာမဆို ရေးပြပါဆိုရင် ရေးနိုင်တယ်လို့ ပြောခဲ့ဖူးတယ်။ သူက သုဗောဓာ လင်္ကာရ ကျမ်းကိုကိုင်နိုင်သလို နာမည်ကျော် Kiss သီအိုရီကိုလည်း ရှင်းပြနိုင်သူပဲ။

နေမျိုး ။ ။ ကျွန်တော့်ကဗျာကို တစ်ခုခု မှတ်ချက်ပေးပါဆရာ။

ဆရာ ။ ။ သာမန်ကဗျာတစ်ပုဒ်ပဲ။ ကြည်အောင်ရဲ့ "အို မိုးမုတ်သုန်လေ အဟုန်ဝယ် ဂငျုန်တောင်ပံ ချွန်းမြည်သံ" ဆိုတာကို မမီဘူး။

နေမျိုး ။ ။ အဲဒါတော့ ဟုတ်ပါတယ် ဆရာ။ ကျွန်တော်လည်း ကိုယ့်ဘာသာ သတိပြုမိပါတယ်။

ဆရာ ။ ။ မင်းက ရိုးသားလှတယ်။ ကဗျာက သိပ်ရိုးသားရင် ရိုးရိုးစင်းစင်းကြီး ဖြစ်သွားတတ်တယ်ကွ။ နောက်ထပ်ကော ရေးဖြစ်တာက ဘယ်လိုလဲ။

mgyyoe.com

နေမျိုး ။ ။ ဒီမှာပါ ဆရာကြည့်ပါ။

*လယ်သူမ လယ်သူမ*

*ပျိုးစည်း ဘယ်ညာချ*

*တစ်ငန်းကျလို့ တစ်ငန်းဝင်*

*စိမ်းပေ့ါ လယ်တစ်ခွင်*

*ကောက်ပင်ယိမ်းလို့ စိမ်းချိန်ရောက်*

*တို့ရွာလယ် တစ်လျှောက်။*

ဒါလည်း ၂၀၂၄ ဇွန် ၁ ရက်မှာပဲ ရေးခဲ့တာပါ။

ဆရာ ။ ။ မင်းကဗျာက ကလေးကဗျာပုံစံမျိုးပဲ။ ရွတ်ဆိုရတာ အသံသာတယ်။ အဓိပ္ပာယ်ရင်းကို အလွယ်တကူ သိနိုင်တယ်။ မြင်ယောင်ကြားယောင် ရှိတယ်။ ဒီကဗျာမှာ စတုတ္ထပါဒကစိမ်းနဲ့ ပဥ္စမပါဒကစိမ်းထပ်နေ တာက ကာရံဆင်းရဲနေတာပဲ။ ဝေါဟာရကြွယ်ဝပြီးကာရံကို အမျိုးမျိုး သုံးပြနိုင်အောင် ရေးပါကွ။

နေမျိုး ။ ။ အဲဒါကို ကျွန်တော် သဘောပေါက်ပါတယ်။ အဲဒီကဗျာရေးနေတုန်း က ဆိုင်းမဆင့်ဗုံမဆင့်ဆိုသလို ကျေးလက်လယ်တော အကြောင်း အရာတွေ ဖြုန်းစားကြီး ဝင်လာတာ။ ရသလောက်ကလေး ရေးမိ တာပေ့ါ ဆရာ။ ကျွန်တော်အရင်ကလည်း အဲဒီလိုရေးဖူးရေးဖူးတယ်။ မြားနတ်မောင်မဂ္ဂဇင်း မြန်မာရနံ့ ကဗျာမှာပါတဲ့ "မြို့ပြရိပ်ကို ခိုသူ ကျွန်တော် ရွာကိုအောက်မေ့သော် မပျော်လွမ်းတိုင်းတငေးငေး ကျွဲနွားတွေနဲ့ တရေးရေး" ဆိုတာလေ။

ဆရာ ။ ။ မင်းက ကိုယ်လက်ကိုင်းသန်တဲ့ဘက်ကို သိထားရမယ်လေ။ စော စောကပြောတဲ့ ကဗျာစာသားက မင်းအားသန်တဲ့ လက်ကိုင်းပုံစံပဲ။ မြို့ပြကနေ ကျေးလက်ကိုလှမ်းပြီး အမှတ်ရချက်အဖြစ် ဖော်ကျူး လိုက်တာ။ ကဗျာကောင်းတွေ ရေးခဲ့ကြပေမဲ့ ဘယ်အချိန်ကဗျာ ကောင်းထွက်တယ်ဆိုတာကို ကဗျာရေးတဲ့လူတိုင်း သိချင်မှ သိကြ တာကွ။

နေမျိုး ။ ။ ကဗျာနဲ့ပတ်သက်ရင် ကျွန်တော်က ချရေးလိုက်နိုင်ဖို့ကိုပဲ အားစိုက်ပါ တယ် ဆရာ။ ရေးနေတဲ့အချိန် ရေးပြီးသွားတဲ့အချိန်တွေမှာ ရလိုက် တဲ့သိမှုက ဘယ်ကဗျာ ဘယ်လောက် တာသွားမယ်လို့တော့ ငွေ့ငွေ့

mgyoe.com

 SAMPLE BOOK 

ကလေး သတိထားမိပါတယ်။

ဆရာ ။ ။ နောက်ထပ် ရေးဖြစ်တဲ့ကဗျာ ပြပါဦး။

နေမျိုး ။ ။ ဒီလိုလေ ဆရာ။

*မိုးတစ်ပေါက်မှ ကျစမ်းပါစေ*

*မြေလွှာကိုနှူး*

*ကြဲပက်ဦးမည့် မျိုးစေ့တွေ...* တဲ့ဆရာ။ သူကလည်း အတူတူပဲ ၂၀၂၄ ဇွန် ၁ ရက်မှာပဲ ရေးခဲ့တာ။

ဆရာ ။ ။ ဒီကဗျာလေးက လှတယ်ကွ။ နှူးဆိုတာ တော်တော်တာသွားတဲ့ အသုံးကလေးပဲ၊ ကဗျာရေးသူရဲ့စရိုက်နဲ့ ကိုက်ညီထင်ဟပ်တဲ့ ဝေါဟာရတွေက ကဗျာရဲ့ တန်ဖိုးကို မြင့်တက်စေနိုင်တယ်။ ဝေါဟာရ တစ်ခုကိုပဲ ကဗျာဆရာ တစ်ယောက်နဲ့တစ်ယောက် အသုံးပြုပုံ ပေါ် လိုက်ပြီး အနက်တန်ဖိုးကွာခြားသွားတာ ကြုံရပါတယ် မောင်ရာ။ ဒါကလေးက ကဗျာဓာတ်ရတယ်ကွ။ တစ်ခုတော့ ဂရုစိုက်ပါ။ ဝေါဟာရတစ်ခုရဲ့ မူရင်းအနက်ကို အဲဒီဝေါဟာရရဲ့ ဆင့်ပွားအနက်၊ တင်စားအနက်က ကျော်လွန်ပြီး အဓိပ္ပာယ် သက်ရောက်နေရင် အဲဒါ တစ်ခုခုလွဲနေတဲ့ သဘောပဲကွ။

နေမျိုး ။ ။ ဒါဆို ကဗျာတစ်ပုဒ်မှာ တိုက်ရိုက်အဓိပ္ပာယ်နဲ့ ဆင့်ပွားအဓိပ္ပာယ်၊ တင်စားအဓိပ္ပာယ် ဘယ်ဟာက ပိုပြီး အခရာကျသလဲ ဆရာ။

ဆရာ ။ ။ မင်းကြိုက်တာကို ယူလို့ရတယ်။ ငါကတော့ တိုက်ရိုက်အဓိပ္ပာယ်က ကဗျာတစ်ခုလုံးကို ကြီးစိုးပြီး ဆင့်ပွားအဓိပ္ပာယ်၊ တင်စားအဓိပ္ပာယ် တွေက တိုက်ရိုက်အဓိပ္ပာယ်ကို အားဖြည့်ပေးတာ အကြိုက်ဆုံးပဲ။ အခြားနည်းဖြင့် သိမြင်လာစေတယ် ဆိုတာမျိုးပေါ့။

နေမျိုး ။ ။ ကျေးလက်ကဗျာကောင်းတွေရေးနိုင်ဖို့ ဘယ်လိုပြင်ဆင်သင့်သလဲ ဆရာ။

ဆရာ ။ ။ မာယာကော့ဖစကီးက ဘရွတ်ကလင်တံတား ကဗျာရေးနိုင်ဖို့ အမေရိကကို ရောက်ခဲ့တယ်။ မင်းလည်း ကျေးလက်ကဗျာကောင်း တွေ ရေးချင်ရင် ကျေးလက်ကို ရောက်အောင်သွားရမှာ။ကျေးလက် မှာ လေ့လာသင်ယူစရာတွေ အများကြီး ရှိတယ်။ ဥပမာ ကြက်မ တစ်ကောင်က မိတ်လိုက်ချင်တဲ့အခါ အော်မြည်တဲ့အသံ၊ နောက်

mgyoe.com SAMPLE BOOK

တစ်ခါ ဥချချင်တဲ့အခါ အော်မြည်တဲ့အသံပြီးတော့ ကြက်ပေါက်ကလေးတွေကို စောင့်ရှောက်လိုတဲ့အခါ အော်မြည်တဲ့အသံတွေဟာ ကွဲပြားပြီး ထူးခြားမှုရှိနေတာကို တွေ့ရလိမ့်မယ်။ ညနေသစ်ရိပ်မှာ စားမြုံ့ပြန်နေတဲ့ နွားကြီးတွေ။ သူ့အမြီးနဲ့ မှက်ခြင်တွေကို ယပ်ခပ်နေတဲ့ နွားကြီးတွေ။ မိုးအုံ့ရင် ချည်တိုင်ကို သတိရပြီး မျက်ရည်ကျတဲ့ နွားကြီးတွေကို တွေ့လိမ့်မယ်။ ရွာလမ်းမပေါ်က နွားချေးပုံတွေ၊ လှည်းလမ်းကြောင်းက ဖုံလုံးတွေ၊ ရွာကျောင်းက တုံးခေါက်သံတွေ ဒါတွေကို ရင်းနှီးကျွမ်းဝင်သွားရင် ကျေးလက်ကဗျာကောင်းတွေ ရလာမှာပါလို့ ငါတော့ထင်တယ်။

နေမျိုး ။ ။ ကျွန်တော်က ကျေးတောသားအစစ် မဟုတ်ပေမဲ့ ကျေးလက်ကဗျာ ရေးရတာကို စိတ်ဝင်စားပါတယ်။ စောက ကဗျာတွေလိုပဲ ၂၀၂၄ ဇွန် ၁ ရက်က ရေးဖြစ်ခဲ့တဲ့ ကဗျာတစ်ပုဒ်ကို ပြောပြလိုပါသေးတယ်။ ဒီလိုပါ။

*မိုးစက်မိုးစက် ဘယ်ကလာ*
*ကောင်းကင်ထက်ကလာ*
*မျိုးစေ့မျိုးစေ့ ဘယ်ဆီက*
*ဟောဒီမြေပေါ်က။*

ဆရာ ။ ။ ဒါကို ရုတ်တရက် ဖတ်ရင် ကျေးလက်ကဗျာလို့ ထင်ချင်စရာပဲ။ ဒါကသိမှုကို နှိုးဆော်ပေးတဲ့ နီတိဆန်ဆန်ကဗျာပဲကွ။ မင်းက ကောင်းကင်နဲ့ မြေကြီးကို ရေးထားတာ ကျေးလက်အသွင်အပြင်ထဲမှာ ရှိနေပေမဲ့ ဆင်ခြင်မှုတစ်ခုကို ပေးတဲ့ကဗျာပဲ။ အပေါင်းလက္ခဏာသဘောပါတဲ့ ကဗျာတစ်ပုဒ်ပါပဲ။ အကြောင်းအရာက ရိုးရှင်းတယ်။ နို့ပေတဲ့ အဲဒီရိုးရှင်းမှုကပဲ သူ့ရဲ့တန်ဖိုးဖြစ်သွားစေတာ။ မင်းက မိုးခေါ်တေးတွေ ဖတ်ဖူးထားပုံရတယ်။

နေမျိုး ။ ။ ဖတ်ဖူးတယ် ဆရာ။ "အိမ်ခေါင်မှာ ပျိုးထောင်ရအောင် ရွာချပါမိုး" ဆိုတာတွေလေ။ ကိုအောင်ချိမ့်ရဲ့ "ဗြုန်းခနဲ မိုးသားများတက်လာ" ဆိုတာလဲ ဖတ်ခဲ့တယ် ဆရာ။ ပြီးတော့ ကိုဇေယျာလင်းရဲ့ "မိုးသားမဲမဲအောက်မှာ ပေါက်ဖွားကြရတယ်"ဆိုတာတွေလဲ ပါတာပေါ့။ ဝေးခေါင်က "အခုရွာနေတာ ကမ္ဘာပြုမိုး" တဲ့။

mgyoe.com

 mgyyoe.com SAMPLE BOOK 

ဆရာ ။ ။ နောက်ထပ် ၂၀၂၄ ဇွန် ၁ ရက်၊ ကျေးလက်ကဗျာရှိသေးသလား။ ပြောပြပါ။

နေမျိုး ။ ။ ရှိသေးတယ် ဆရာ ပြောပြပါမယ်။ ဒီလို။

*မိုးဝလာရယ်*

*ပျိုးကာသာကြို့ရ*

*ရွာချလိုက်ပဲ့...* တဲ့။ ဒါလေးက စာကြောင်းသုံးကြောင်းပဲ ရှိတယ် ဆရာ။

ဆရာ ။ ။ စာကြောင်းသုံးကြောင်းပဲ ရှိတာက ရပါတယ်။ ကဗျာတစ်ပုဒ်မှာ လိုအပ်တာက ကဗျာဆရာ ဘယ်လို အလုပ်လုပ်ထားသလဲ ဆိုတာပဲ။ မင်းဒီကဗျာကို ရေးစဉ်က စိတ်ခံစားချက်ကို ငါခန့်မှန်းရရင် ဖြစ်ပေါ် ပြောင်းလဲမှုတစ်ခုကို လိုလားနေတဲ့အချိန်ဖြစ်မယ် ဆိုတာပဲ။ ကဗျာထဲမှာ ကဗျာဆရာရဲ့ စိတ္တပေဒကို ခြေရာကောက်နိုင်တယ်။ ကဗျာဆရာရဲ့ စိတ္တပေဒထဲမှာ ခေတ်ကြီးတစ်ခုလုံးရဲ့ ပဋိပက္ခနဲ့ သမ္မုဟကို တွေ့နိုင်ပါတယ်။ ကဗျာစာရွက်ထဲက အက္ခရာတွေဟာ လူ့မှုဘဝကို သံခိပ်ပြုထားတာတွေပဲ။

နေမျိုး ။ ။ ၂၀၂၄ ဇွန် ၁ ကျေးလက်ကဗျာကလေး နှစ်ပုဒ် ကျန်သေးတယ်။ တစ်ပုဒ်ကို အရင်ဖတ်ပြပါမယ်။ ဒီလိုပါ။

*မိုးရိပ်မြင်*

*ပျိုးအိတ်ပြင်ကြ*

*မိုးလေထဲ*

*ပျိုးတွေကြဲမဗျ။*

ဆရာ ။ ။ မင်းက ကဗျာဆရာ မလုပ်ဘဲ လယ်သမား လုပ်ရင်တောင်ရနေပြီကွာ၊ ဇွန်လမိုးဦးကျချိန်မှာ အက္ခရာတွေနဲ့ လယ်ထဲဆင်းထားတာ နေရာကျလှသကွ။ ငါတောင် မင်းကဗျာဖတ်မိပြီး ခါးတောင်းကျိုက်ချင်လာပြီ။ မင်း စပါးစေ့ကလေးတစ်စေ့ အပင်ပေါက်လာတာ မြင်ဖူးသလား။

နေမျိုး ။ ။ မြင်ဖူးပါတယ် ဆရာ။ ရွာလမ်းမက ဝေနေယျသုခ ရေချမ်းစင်မှာ ရေအိုးအောက်သဲခင်းပြီး စပါးပင်ကလေးတွေ ကြဲထားတာ စိမ်းစိမ်းစိုစို အပင်ပေါက်နေတာ တွေ့ခဲ့ရပါတယ်။ ကဲ... ကျွန်တော့်ရဲ့

mgyoe.com
SAMPLE BOOK


၂၀၂၄ ဇွန် ၁ ကျေးလက်နောက်ဆုံးကဗျာကို ပြောပြပါရစေ ဆရာ။ ဒီလိုပါ။

*မိုးသားမဲမဲ လေထဲလွင့်ပါ*

*ကျုပ်တို့ရွာမှ*

*ရွာပဲ့မလားတော်။*

ဆရာ ။ ။ မင်းရေးခဲ့တဲ့ ၂၀၂၄ဇွန် ၁ ကဗျာစီးရီးထဲမှာ ဒီကဗျာကို ငါအကြိုက်ဆုံးပဲ။ မိန်မသားတွေရဲ့ ခံစားမှုကို မင်းနားလည်ရင် ကမ္ဘာကြီးကို မင်းတစ်ဝက်ပိုင်ပြီကွ။ ဒီကဗျာက အရပ်သုံး စကားပြောလေသံနဲ့ ရေးထားတာ ထိမိနေတယ်။ ဟော... ငါတို့စကားကောင်းနေလိုက်တာ ပြောရင်းဆိုရင် အနောက်တောင်ထဲက မိုးသားမဲမဲတွေ တက်လာပြီ။

*၁၃. ၃. ၂၀၂၅*

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

## နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၂

နေမျိုး ။ ။ ကျွန်တော် ဒီနေ့လက်ရေးမူစာအုပ်အဟောင်းကလေးထဲက ကဗျာကလေးတွေ ပြန်တွေ့တယ် ဆရာ၊ ကျွန်တော်အဖို့ မိတ်ဆွေဟောင်းကို ပြန်တွေ့လိုက်ရသလို ကျေနပ်ဝမ်းမြောက်ရတယ်။ ပြီးတော့ တစ်ယောက်ယောက်ကို ဖတ်ပြချင်တယ်။

ဆရာ ။ ။ ဖတ်ပြရင် နားထောင်မယ့်သူက အဆင်သင့် ရှိနေပါတယ်။ ဖြည်းဖြည်းချင်း ဖတ်ပြပါ။

နေမျိုး ။ ။ ဆရာ... ဆရာက ဖြည်းဖြည်းချင်း ဖတ်ပြပါလို့ ဆိုတယ်နော်။ ဘာကြောင့်လဲ ဆရာ။

ဆရာ ။ ။ ကဗျာကို နောက်က လူလိုက်သလို ဒုံးစိုင်းပြီးဖတ်ရင် ကဗျာရဲ့ အရသာက အပြည့်အဝ မရနိုင်ဘူး။ ကဗျာစာသားတွေကို အေးအေးလူလူ စိတ်ရှည်လက်ရှည်နဲ့ တစိမ့်စိမ့် ခံစားလိုရအောင် ဖတ်ပြတာကို ကျုပ်တော့ဖြင့် ကြိုက်တယ်။

နေမျိုး ။ ။ ကောင်းပါပြီ၊ ကောင်းပါပြီ၊ ဒါဆိုရင် ကျွန်တော် ဖြည်းဖြည်းချင်း ဖတ်ပြပါမယ်။

*"မန်ကျည်းပင်"*

*မန်ကျည်းချိုသီးကို စားရင်း မန်ကျည်းစေ့ကို မျိုချမိတယ် မေမေ။*

mgyoe.com

mgyoe.com SAMPLE BOOK

*ဘယ်လို လုပ်ရမလဲ။ ကျွန်တော် ရေမသောက် နေရမှာလား။ ရေလောင်းလိုက်လို့ မန်ကျည်းစေ့က အပင်ပေါက်လာရင် ခက်တော့တာပဲ။ မန်ကျည်းပင်ဟာ သူ့ရဲ့ အကိုင်းကို ဝမ်းဗိုက်ထဲကနေ ထိုးထွက်၊ ကျွန်တော် ပါးစပ်ဟလိုက်လို့ မန်ကျည်းရွက်တွေပေါ် လာရင် ဘယ်လိုလုပ်ရမလဲမေမေ။ သူတို့လေထဲမှာ လှုပ်လို့၊ တကယ်လို့ နွေရာသီရဲ့ ငှက်ကလေး ပျံသန်းလာပြီး မန်ကျည်းရွက်တွေအကြား ကိုင်းတံထက် လာနားရင် ကျွန်တော့်ပါးစပ်ဟာ ငှက်အော်သံတွေ ပြည့်နေတော့မှာပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို မြေကြီးနည်းနည်း ကျွေးပါ မေမေ၊ ဒါမှ မန်ကျည်းပင် ရှင်သန်ရပ်တည်နေနိုင်မှာ။*

*၂၈. ၄. ၂၀၂၁*

ဆရာ ॥ ॥ သဘာဝယုတ္တိကျ ဖြစ်စဉ်တစ်ခုက ဒီကဗျာတည်ဆောက်ထားပုံထဲမှာ အနက်အဓိပ္ပာယ်ကို အဆန်းတကြယ် ဖြစ်လာစေတယ်။ ကဗျာဖတ်သူကို စိတ်ကူးဉာဏ် ကွန့်မြူးစေတယ်။ သစ်စေ့ဟာ သစ်ပင်ပေါက်နိုင်တာပဲ၊ ကလေးဟာ မန်ကျည်းစေ့ကို မျိုချမိနိုင်တာပဲ။ မန်ကျည်းပင်ပေါ်မှာ ငှက်ဟာ လာနားနိုင်တာပဲ။ ဒါကို ဉာဏ်ကွန်မြူးကြည့်ရင် တစ်မျိုးတစ်ဖုံ ပျော်စရာကောင်းလာမှာပဲ။

နေမျိုး ॥ ॥ တစ်မျိုးတစ်ဖုံ... တစ်မျိုးတစ်ဖုံ ပျော်စရာကောင်းပုံကို တစ်ခုလောက် ရှင်းပြပါ ဆရာ။

ဆရာ ॥ ॥ အစာအိမ်ထဲကျသွားတဲ့ မန်ကျည်းစေ့ဟာ ကလေးက ရေသောက်လိုက်ရင် အပင်ပေါက်လာလိမ့်မယ်လို့ ထင်နေတယ်။ ဒါကို ငယ်စဉ်က တကယ်ကြုံတွေ့ဖူးဟန်တူတယ်။ ဝမ်းဗိုက်ထဲက သစ်ပင်ဟာ ပါးစပ်ထဲကနေ ကိုင်းတံတွေ ထိုးထွက်လာလေထဲမှာ တလှုပ်လှုပ်လို့ ဆိုထားတယ်။ ယုတ္တိဗေဒရဲ့ဖြစ်စဉ်က သာမန်လေတိုက်လို့ သစ်ကိုင်းလှုပ်တာထက်မကတော့ဘူး၊ ဒါဟာ ကျိုးကြောင်းဆီလျော်မှုရှိတဲ့ ပိုင်နက်ကို စိတ်ကူးနယ်ပယ်ချဲ့ထွင်ခြင်းပဲ။ အရင်းခံအကြောင်းတရား တစ်ခုရှိနေပြီဆိုရင် အဲဒါနဲ့စပ်တဲ့ ကြံစည်ပြောဆို လုပ်ကိုင်မှုတွေ ရှိလာတာကို စိတ်ကူးဖြန့်ကျက်နိုင်တယ်။

နေမျိုး ॥ ॥ ကျိုးကြောင်းဆီလျော်မှုရှိတဲ့ ပိုင်နက်နဲ့ အရင်းခံ အကြောင်းတရားက ဘာများဖြစ်မလဲ ဆရာ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာ ။ ။ ကျိုးကြောင်းဆီလျော်မှုရှိတဲ့ ပိုင်နက်ရှိသလို ကျိုးကြောင်းဆီလျော်မှု မရှိတဲ့ပိုင်နက်ကို ကဗျာနဲ့ ကဗျာဆိုင်ရာ သုံးနှုန်းပြောဆိုမှုတွေမှာ တွေ့ရတတ်တယ်။ ဥပမာ ပြောရရင် ဘာလုပ်သလဲ၊ ကဗျာဆရာလုပ်ပါတယ်၊ "အင်္ဂလန်ကျွန်းကိုရလိုက်တဲ့ နပိုလီယံဂိုက်နဲ့ ခပ်မိုက်မိုက်ပြောတုန်းပဲ" ဆိုတဲ့ သစ္စာနီရဲ့ဖော်ပြချက်က ကျိုးကြောင်းဆီလျော်မှုရှိတဲ့ ပိုင်နက်ကို တွေ့ရတဲ့ သဘောပဲ။ မောင်ချောနွယ်ရဲ့ "တစ်ကမ္ဘာလုံး ငါ့ရဲ့လုပ်စာ စားနေကြတယ်" ဆိုတဲ့ဖော်ပြချက်က ကျိုးကြောင်းဆီလျော်မှုမရှိတဲ့ ပိုင်နက်ကို တွေ့ရတဲ့သဘောပဲ။ တစ်နည်းအားဖြင့် တင်စားချက်နဲ့ ယုတ္တိဗေဒတို့ရဲ့ ဟန်ချက်သဘောပဲ။

နေမျိုး ။ ။ အရင်းခံအကြောင်းတရားကိုလည်း ဥပမာနဲ့ ရှင်းပြပါလား ဆရာ။

ဆရာ ။ ။ အရင်းခံအကြောင်းတရားက ဥပမာ မလိုပါဘူး။ စောစောက ကဗျာမှာ မန်ကျည်းစေ့က အရင်းခံအကြောင်းတရားပဲ။ သူက ကဗျာဖြစ်အောင် စိတ်ကူးနယ်ပယ်ကို အဆင့်ဆင့်ဖွံ့ဖြိုးစေတာ။ မြန်မာလူနေမှုဘဝနဲ့ ဒေသနယ်ပယ်မှာ သုံးနှုန်းပြောဆိုလေ့ရှိကြတဲ့ ညောင်စေ့ကလေးထဲမှာ ညောင်ပင်ကြီးဖြစ်လာမယ့် အကြောင်းတရားနဲ့ သဘာဝမွေ့က ပါရှိပြီးဖြစ်တယ် ဆိုတာလိုပေါ့။

နေမျိုး ။ ။ နည်းနည်းတော့ ရိပ်စားမိလာပြီ ဆရာ။

ဆရာ ။ ။ အခုပြောနေတဲ့ကဗျာမှာ ကဗျာဖြစ်သွားတဲ့နေရာ၊ ကဗျာဖတ်သူကို စည်းရုံးလိုက်နိုင်တဲ့နေရာက ကျွန်တော့်ကို မြေကြီးနည်းနည်း ကျွေးပါ မေမေ၊ ဒါမှ မန်ကျည်းပင် ရှင်သန်နိုင်မှာ ဆိုတာပါပဲ၊ လူတစ်ယောက်က မြေကြီးကို မစားနိုင်ဘူးလေ ဒါကို ကဗျာရေးသူက မြေကြီးနည်းနည်း ကျွေးပါလို့ ဆိုလိုက်ခြင်းအားဖြင့် ကဗျာတစ်ခုလုံးကို ဆလိုက်ထိုးပြသလို လင်းခနဲ ထင်းခနဲ ဖြစ်သွားစေတာပဲ။ ယုံတမ်းစကားတွေကို တကယ်ယုံရတဲ့ ကိန်းဆိုက်သွားသလိုပေါ့။

နေမျိုး ။ ။ အခြား... အခြား အရင်းခံအကြောင်းနဲ့ ပတ်သက်တာ တစ်ခုခုရှိရင် ပြောပါဦး ဆရာ။

ဆရာ ။ ။ ဥရောပ ကဗျာတစ်ပုဒ်ရှိတယ်။ ရေးခဲ့သူက ဂွန်ကို ဒါမှမဟုတ် ရှယ်လီ လို့ ငါထင်တယ်၊ ကဗျာက ဘာကိုရေးထားသလဲဆိုတော့ "သဲမှုန်တွင်းမှာ ကမ္ဘာတစ်ခုမြင်အောင် ရှုလော့" တဲ့ တော်တော်

mgyoe.com

mgyoe.com SAMPLE BOOK

ဟန်ကျတာပဲ၊ တို့ဆီမှာ သက်ဝင်ယုံကြည်မှုအရ ရွတ်ဖတ်ကြတဲ့ အခါ "ဂင်္ဂါ ဝါဠု သဲစုမက" ဆိုတာရှိတယ်။ ဂင်္ဂါမြစ်ကမ်းမှာ ရှိတဲ့ သဲတွေလောက်တောင်မကတဲ့ အရေအတွက် ရှိတဲ့ဘုရားရှင်တော် အဆူဆူပွင့်တော်မူတာကို ဆိုလိုရင်း ရှိတယ်။ အနီးစပ်ဆုံး ဥပမာ ဆိုရရင် ဘုရားတစ်ဆူပွင့်ဖို့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဆိုပါစို့ သဲပွင့်ကလေး လေးပွင့်မျှက ဆယ်ခြောက်အသင်္ချေနဲ့ ကမ္ဘာလေးသိန်း ပဲ။ ဒီနေရာမှာ ဂင်္ဂါ ဝါဠု သဲစုမကနဲ့ ပြန်ပြီး စဉ်းစားကြည့်ရင် ဘယ်လောက်တောင် အံ့ဩစရာ ကောင်းသလဲဆိုတာ တွေ့ရလိမ့် မယ်။ ဒီကနေ့ သိပ္ပံပညာကပြောတဲ့ Time & Space သဘောလဲ ပါဝင်နေတာကို တွေ့နိုင်တယ်။ အရင်းခံအကြောင်းက သဲမှုန်ကလေး တစ်ခုမျှပဲ။ နို့ပေတဲ့ စိတ်ကူးနယ်ပယ်ကို ဖြန့်ကျက်နိုင်မှုက တကယ် အံ့ဩဘနန်းပါပဲ။

နေမျိုး ॥ ॥ ကျွန်တော် ၈၄ လမ်းပေါ်က တိုက်ခန်းတစ်ခုမှာ နေခဲ့ဖူးတယ်၊ မနီးမဝေးမှာ ဗလီတစ်ခု ရှိနေတယ်။ အဲဒီမှာ ဗလီက ဝတ်တက်သံ ကြားရရင် ကျွန်တော်လေ လင်းနို့သားငါးရာအကြောင်း သွားသတိရ မိတယ် ဆရာ။ အဲဒါ ဘာကြောင့်လဲ။

ဆရာ ॥ ॥ အဲဒါက ကောင်းမွန်သောစိတ်နေသဘာဝရဲ့ အကျိုးအာနိသင်လို့ မှတ်ထားရင်ရပါပြီ။

နေမျိုး ॥ ॥ ကျွန်တော် နောက်ထပ်ကဗျာကလေး တစ်ပုဒ်ဖတ်ပြချင်သေးတယ်၊ မှတ်စုထဲမှာ ရေးခဲ့တာပါ။ ကဗျာက ဒီလိုပါ။

*"ဝက်သစ်ချပင်"*

*ငါသေရင် မီးမရှို့နဲ့*\
*ငါ့ကို ဂူလည်း မသွင်းပါနဲ့*\
*ငါ့အချိန်တန် အိုမင်းရင့်ရော်လို့ သေဆုံးကွယ်လွန်သွားခဲ့လျှင်*\
*သချိုင်းမြေမှာ သည်အတိုင်းပဲ မြှုပ်နှံစေချင်။*\
*ကျင်းကို နက်နက်မတူးနဲ့၊ မြေပွပွ ရှိစေကွဲ့။*\
*ငါ့ပါးစပ်ထဲကို သစ်စေ့တစ်စေ့ ထည့်ပါ*\
*သချိုင်းမြေမြှုပ်နှံရာ။*

*၂၈. ၄. ၂၀၂၁*

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာ ။ ။ ကဗျာကောင်းကလေး တစ်ပုဒ်ပဲ။ ဒီကဗျာ လွမ်းစရာကလေး။ ဘင်္ဂါလီကဗျာဆရာကြီး ရာဘင်ဒြာနတ်တဂိုးက သူ သေဆုံးကွယ်လွန်သွားပြီးတဲ့နောက် နှစ်တွေအကြာမှာ ကျွန်ုပ်ကဗျာကို ဖတ်နေသူမှာ မည်သူနည်းလို့ မေးခွန်းထုတ်ပြီး စာတစ်ပုဒ် ရေးခဲ့တယ်။ ငါက အဲဒီ သူ့ကဗျာ စာသားကိုဖတ်ပြီး သူနဲ့ ရင်းနှီးသွားသလို ခံစားခဲ့ရတယ်။ ဒီကဗျာကလေးက အရှင်းပြောရရင် မင်းမရှိတော့တဲ့ နောက်မှာ ဒီကဗျာကို ဖတ်မိသူတွေက မင်းကို လွမ်းစရာဖြစ်ဦးမှာပဲ။ ငါမင်းကို စပြီး သတိထားမိတာက "ကျွန်တော် အသက်ရှင်ခဲ့ဖူးတယ်ဆို" စာသားဖတ်ရချိန်ကပဲ၊ မင်းက အဲဒီအကြောင်းကို စာပြန်ရေးတော့ မင်းရဲ့အုတ်ဂူမှာ အဲဒီစာသားကို စကျင်ကျောက်ပြားမှာ ထွင်ပြီး ကပ်ထားမယ်ဆိုသကိုး။ လွမ်းစရာပါပဲ။

နေမျိုး ။ ။ "ဝက်သစ်ချပင်" ကဗျာက ဘယ်လိုကဗျာပုံစံလဲ ဆရာ။

ဆရာ ။ ။ ရိုမန်တစ် ကဗျာတစ်ပုဒ်ပဲ။ တစ်ချိန် (၁၉၈၀ ပြည့်နှစ်တွေ) က ငါတို့ဆီမှာ လူပြောသူပြောများတဲ့ "အိတ်ဇစ်" ကဗျာတစ်ပုဒ်တောင် ဖြစ်နေမလား မသိဘူး။ ဒီကဗျာရဲ့ အားသာချက်က မလိုအပ်ဘဲ မပြောခြင်းဘဲ။ ငါ့ပါးစပ်ထဲကို သစ်စေ့တစ်စေ့ ထည့်ပါလို့ပဲ ဆိုထားတာက ကောင်းမွန်တဲ့ အချိန်အဆဖြစ်တယ်။ ကဗျာခေါင်းစဉ်က "ဝက်သစ်ချပင်" လို့ ပေးထားတော့ ကဗျာပြီးဆုံးချိန်နား အရောက်မှာ ကဗျာတစ်ပုဒ်လုံး အစကနေပြန်ပြီး အလုပ်လုပ်တာကို တွေ့ရမှာဖြစ်တယ်။

နေမျိုး ။ ။ ကဗျာ... ကဗျာတစ်ပုဒ်လုံး အစကနေပြန်ပြီး အလုပ်လုပ်တယ်ဆိုတာ ဘာကိုပြောတာလဲ ခင်ဗျာ။

ဆရာ ။ ။ မင်းကဗျာထဲက စာသားတွေ၊ အက္ခရာတွေဟာ လက်ချင်းတွဲပြီး အဓိပ္ပာယ်ကြီးတစ်ခုဆီကို ရွေ့ရှားသွားနေတာကို ဆိုလိုတာပဲ။ ကျင်းကို နက်နက် မတူးနဲ့၊ မြေပွပွရှိစေကွဲ့လို့ ရေးထားတာတွေကို တစိမ့်စိမ့် သဘောပေါက်လာရတာပဲ။ ကဗျာရဲ့ခေါင်းစဉ်ဖြစ်တဲ့ "ဝက်သစ်ချပင်" ဟာ မင်းရဲ့ ဆိုလိုချက်တစ်ခု ဖြစ်သွားတာကွ။

နေမျိုး ။ ။ ကျွန်တော်... ကျွန်တော်ရေးပြီး ကိုယ့်ဘာသာပြန်ကြိုက်တဲ့ ကဗျာထဲမှာ ဒီကဗျာကလေး ပါနေတယ် ဆရာ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာ ॥ ॥ ငါသိပါတယ်၊ မင်းက ဒီကဗျာမှာ ဥရောပ ကျေးလက်ဟန်ပေါက်နေတယ်။

နေမျိုး ॥ ॥ ဥရောပ ကျေးလက်ဟန်ဆိုတာ ဘာလဲ ဆရာ။

ဆရာ ॥ ॥ မင်းက ဝက်သစ်ချပင်လို့ ဆိုတာကိုး၊ ပိတောက်ပင်လို့ မရေးဘူး၊ တမာပင်လို့ မရေးဘူး၊ ခံတက်ပင်လို့ မရေးဘူး၊ မြန်မာ့ရေမြေမှာ ပေါက်ရောက်ရှင်သန်တဲ့ သစ်ပင်ကို မရေးဘဲ ဝက်သစ်ချပင်ကို မင်းက ရွေးလိုက်တော့ အလိုလို ဥရောပဆန်ပြီး ကျေးလက်သချိုင်းမြေကို ပုံဖော်ထားတဲ့အချက်ကို တွေ့ရတာကြောင့် ငါက ဥရောပကျေးလက်ဟန်လို့ ဆိုရတာပဲ။

နေမျိုး ॥ ॥ အဲဒီမှတ်ချက်ကို ကျွန်တော် သဘောကျတယ်။

ဆရာ ॥ ॥ အဲဒါက မင်း Style ပဲလေ။ မင်းပြောဖူးတဲ့ဝတ္ထုထဲက ဇာတ်ကောင်ကို ထမင်းမစားခိုင်းဘဲ ပေါင်မုန့်နဲ့ ဘိလပ်ရည် စားသောက်ခိုင်းတာက ဘာဖြစ်လို့လဲဆိုတော့ ဘာသာပြန်ရင်လွယ်အောင်လို့ ဆိုတာကို အမှတ်ရစရာပဲလေ။

နေမျိုး ॥ ॥ ကဲ... ကဲ ဆရာ၊ ကျွန်တော်တို့ ပြောခဲ့ကြတာလည်း အတန်အသင့်ရှိပါပြီ၊ ဆရာ တစ်ခုခုသုံးဆောင်ပါ။ ဘာမှာရမလဲ ခင်ဗျာ။

ဆရာ ॥ ॥ ပေါင်မုန့်နဲ့ ဘိလပ်ရည်။

၂၁. ၃. ၂၀၂၅

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

## နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၃

နေမျိုး ။ ။ ဒီနေ့မှတ်စု စာအုပ်အဟောင်းထဲက ကဗျာတစ်ပုဒ် ထပ်တွေ့တယ်။ "ကျီးကန်းနှင့် ကျောက်တုံးကြီး" တဲ့။ ကွယ်လွန်သူ ကြိုက်နှစ်သက်ခဲ့တဲ့ ကဗျာတစ်ပုဒ်ပါပဲ။ ဒီကဗျာကို ရေးနေစဉ်က စိတ်ကူးနယ်ပယ်ဟာ တစ်ခါတုန်းက ရောက်သွားခဲ့ဖူးတဲ့ ရေးမြို့ဘက်က ကဗျာဝကမ်းခြေရှိ ကျောက်တုံးကြီးတစ်တုံးပေါ် မှာပါ။ ပင်လယ်ကမ်းခြေက ကျောက်တုံးကြီးပါပဲ။

ဆရာ ။ ။ ကဗျာကို ဖတ်ပြပါလား၊ သိပါရစေ။

နေမျိုး ။ ။ *"ကျီးကန်းနှင့် ကျောက်တုံးကြီး"*

*ပင်လယ်ကမ်းခြေမှာ ကျောက်တုံးကြီးရှိတယ်*
*ကျောက်တုံးကြီးပေါ် ကျီးကန်း လာနားတယ်*
*ကျီးကန်းဟာ တအားအား မြည်တယ်*
*ပြီးလျှင် မိုးကုပ်စက်ဝိုင်းအတိုင်း ပျံသွားသည်ပင်*
*ကျောက်တုံးကြီး ကျန်ရစ်ခဲ့တယ်။*

*၂၈. ၄. ၂၀၂၁*

ဆရာ ။ ။ ဒီကဗျာဟာ ပကတိအခြေအနေတစ်ရပ်ကို မြင်ရတဲ့အတိုင်း အရိုးရှင်းဆုံး ရေးဖွဲ့ထားတာပဲ။ နို့ပေတဲ့ သူက အနုပညာပစ္စည်း ဖြစ်သွား

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ ရေးဟန်က သတင်းစာသုံး စကားပြေနီးနီး ဖြစ်တယ်။ ဘာကိုမှ အပိုမရှိအောင် အပြည့်စုံ ဖော်ပြချက်တစ်ခုလည်းဖြစ်တယ်။ ဟိတ်ဟန်မရှိဘဲ ပင်ကိုသဘာဝအတိုင်း နှစ်သက်ဖွယ်ဖြစ်နေတာကို တွေ့ရတယ်။ ကဗျာက ရေးဖွဲ့ပုံရိုးစင်းလွန်းတော့ တစ်ခုခုကို ဆက်စပ်စဉ်းစားဖို့ကိုတောင် သတိမရပဲ သူ့နဂိုအရသာနဲ့ ပြီးပြည့်စုံနေတယ်။ ဒီလိုကဗျာမျိုးက အတွေ့ရနည်းပြီး ရှားပါးတဲ့ လက်ရာစာရင်းဝင်တယ်လို့ ငါပြောချင်တယ်။

နေမျိုး ။ ။ ဘာကြောင့် ရှားပါးတဲ့လက်ရာလို့ ဆိုရတာလဲ ဆရာ။

ဆရာ ။ ။ ငါ မင်းကဗျာတွေ ဖတ်ဖူးပါတယ်။ မင်းရဲ့နာမည်ကျော် "နွေဦးပေါက်ရင်" ကဗျာ၊ ပြီးတော့ သူ့လောက် နာမည်မကျော်ပေမဲ့ နှစ်သက်ဖွယ်ဖြစ်တဲ့ "နွေဦးဖိုင်တွဲ" ကဗျာနဲ့ မကြာသေးခင်ကမှ မင်းထပ်မံ ရေးလိုက်တဲ့ "ဒီတစ်ခါ နွေဦးပေါက်ရင်" ကဗျာတွေ အပါအဝင် မင်းရဲ့ကဗျာတွေမှာ ကဗျာကို စကားလုံးတင်စားချက်၊ သင်္ကေတနဲ့ အညွှန်းပြုဖော်ပြချက် အပါအဝင် ကဗျာတစ်ပုဒ်လုံးကို ရှုန်းကြွနေအောင် ဖော်ပြနိုင်ဖို့ အားထုတ်ထားတာတွေကို တွေ့ရတယ်လေ။ ကဗျာရဲ့ နည်းစနစ်ပိုင်းမှာ မင်းက ခေတ်ပေါ် ကဗျာဟန်ကို အသုံးချခဲ့တာ တွေ့ရတယ်။ အခုဒီ"ကျီးကန်းနှင့် ကျောက်တုံးကြီး" ကဗျာကတော့ မင်းရေးနေကျပုံစံ မဟုတ်တော့သလိုပဲ၊ မင်း "ဇင်" အယူအဆတွေ လေ့လာဖူးသလား။ ဒါကြောင့်ရှားပါးတဲ့ လက်ရာလို့ ပြောရတာပဲ။

နေမျိုး ။ ။ ကျွန်တော် "ဇင်" အယူအဆကို သေသေချာချာ မလေ့လာဖူးပါဘူး။ ဇင်ကဗျာဆရာကြီး ဗသျှိုး မြင်းတင်းကုပ်မှာ ကြမ်းပိုးတွေနဲ့ မြင်းသေးနံ့တွေနဲ့ တစ်ညတာအိပ်စက်ပြီး အဲဒီအကြောင်းကို ကဗျာရေးခရီးဆက်ထွက်ပုံကို သိရတော့ အံ့အားသင့်မိခဲ့ပါတယ် ဆရာ။

ဆရာ ။ ။ ဇင်အယူအဆလို့ ငါက ပြောနေပေမဲ့ ဇင်ဟာ အယူအဆတစ်ခု မဟုတ်ဘူးဆိုတဲ့ သဘောတစ်ခုကလည်း ရှိနေနိုင်ပြန်တယ်။ ကိုင်တွယ်ဖမ်းဆုပ်ပြဖို့ ခက်ခဲပြီး တကယ်တန်ဖိုးရှိနေတဲ့ အခြေအနေရာတစ်ခုပါပဲ။ ငါက ကိုင်တွယ်ဖမ်းဆုပ်ပြရမယ်လို့ မဆိုလိုပါဘူး၊ ငါတို့ စိတ်သဏ္ဌာန်မှာ ထင်ဟပ်လာတဲ့ အခိုက်အတန့်ကလေးတွေကို

mgyoe.com

mgyoe.com SAMPLE BOOK

စိစစ်ကြည့်ရင် နောက်ဆုံး ဘာကိုတွေ့နိုင်သလဲ။ ဇင်ဟာ အရိုအသေပြုအပ်တဲ့ မနောလင်းပွင့်မှုလို့ဖြင့် လူသိများတယ်။ အဲဒီအဓိပ္ပာယ်ရှိနေတာကိုဖြင့် ငါလည်း ကျေနပ်ပါတယ်။

နေမျိုး ။ ။ ကျွန်တော် ဇင်ပုံပြင် အနည်းငယ် ကြားဖူးတယ်၊ လူသိများတဲ့ ဇင်ပုံပြင်တစ်ပုဒ်ဖြစ်တဲ့ အလံကလေး လှုပ်နေတာကို လေတိုက်လို့လှုပ်တာ၊ အလံက လှုပ်တာ၊ စိတ်က လှုပ်တာဆိုတဲ့ ပုံပြင်ကို ၁၉၈၀ ပြည့်နှစ်များကပင် ဖတ်ရှုသိရှိခဲ့တယ်။ နို့ပေတဲ့ အဲဒီတုန်းက ဇင်ကို စိတ်ဝင်စားရကောင်းမှန်း မသိခဲ့ဘူး။ ဇင်က ဟိုက္ကူကဗျာနဲ့ အပြန်အလှန် ကျေးဇူးပြုတယ်လို့ ထင်မိတယ်။

ဆရာ ။ ။ ဓမ္မညာဏ်နဲ့ ယှဉ်တဲ့ သိစိတ်တစ်မျိုးပဲလို့ အနိမ့်ဆုံးအဆင့် နားလည်နိုင်တယ် ထင်မိတယ်။ ဇင်ဆရာတော်တွေဟာ ထူးခြားတဲ့ ကိုယ်ကျင့်သီလရှိကြတယ်။ နက်နက်နဲနဲ အာရုံဝင်စားနိုင်ပြီး ပေါ့ပေါ့ပါးပါး ရှင်းထုတ်နိုင်တယ်ဆိုရင် ရနိုင်ကောင်းရဲ့။ မင်းကဗျာထဲက ကျောက်တုံးကြီး ငြိမ်သက်ကျန်နေရစ်တယ်၊ ကျီးကန်းက ပျံသန်းသွားခဲ့ပြီ။

နေမျိုး ။ ။ ကျွန်တော့်မှာ အလားတူ ကဗျာတစ်ပုဒ် ရှိသေးတယ်။ ဆရာ့ကို ဖတ်ပြလိုပါတယ်။

ဆရာ ။ ။ ဖတ်ပြပါ၊ နားထောင်လိုပါတယ်။

နေမျိုး ။ ။ ကောင်းပါပြီ၊ ဖတ်ပြပါရစေ။ ဒီလိုပါ...။

*"ကျွန်"*

*ကျွန်ဟာ ကျောက်တုံးကြီးကို မ,တယ်*
*နေပူထဲကို ဖြတ်တယ်*
*နေ့တိုင်းပဲ*
*ကျွန်ဟာ ကျောက်တုံးကြီးကို မ,တယ်*
*မိုးရွာထဲကို ဖြတ်တယ်*
*နေ့တိုင်းပဲ*
*ကျွန်ဟာ ကျောက်တုံးကြီးကို မ,တယ်*
*နှင်းမှုန်တွေထဲကို ဖြတ်တယ်*
*နေ့တိုင်းပဲ။*

ဒီကဗျာကို ရေးခဲ့တာ နှစ် ၂၀ နီးပါး ရှိပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာ ။ ။ အခု မင်းဖတ်ပြတဲ့ ကဗျာက ပထမဖတ်ပြတဲ့ကဗျာနဲ့ ကဗျာတည်ဆောက်ပုံချင်း ဆင်တူတယ်။ မင်းရဲ့ ပင်ကိုဟန်လည်း ပေါ်လွင်တယ်။ မင်းက ကဗျာကို တွေ့ထားပုံရတယ်၊ ကဗျာကို တွေ့ထားတဲ့ လူတွေက ဘဝမှာ စိတ်ချထားနိုင်တဲ့သူတွေပဲ။

နေမျိုး ။ ။ အခု ကျွန်တော် ပြန်စဉ်းစားကြည့်တော့ ဒီ "ကျွန်" ကဗျာရေးပြီးတဲ့ အချိန်ခံစားမှုနဲ့ "ကျီးကန်းနှင့် ကျောက်တုံးကြီး" ကဗျာ ရေးပြီးတဲ့ အချိန် ခံစားမှုက တစ်ထပ်တည်းနီးပါး အတူတူဖြစ်နေတာကို သတိပြုမိတယ်၊ တဒင်္ဂအားဖြင့် လွတ်မြောက်မှုကဲ့သို့သော ခံစားမှုပဲ ဆရာ။ ဒီကဗျာနှစ်ပုဒ်က ရေးယူတဲ့ ကဗျာမျိုးလို့တောင် မပြောနိုင်ပါဘူး၊ သူ့ဘာသာကျရောက်လာတဲ့ ကဗျာမျိုးပါပဲ ဆရာ။

ဆရာ ။ ။ မင်းက ကျောက်တုံးတွေကို စိတ်ဝင်စားတယ်ဆိုတာ ငါသိတယ်၊ ဟိုကဗျာလေ မင်းရဲ့ "ကျောက်တုံးများကို ဟောကိန်းထုတ်ခြင်း" ဆိုတဲ့ ကဗျာကစပြီး မင်းက ကျောက်တုံးတွေကို စိတ်ဝင်စားနေတာ ငါသိခဲ့ရတာပဲ။ အဲဒီကဗျာကို ငါဖတ်ခဲ့ရတာ နှစ်နှစ်ဆယ်ကျော်ပြီ။

နေမျိုး ။ ။ ကျွန်တော်က ကျောက်တုံးတွေကို စိတ်ဝင်စားနေတာ ဆရာပြောမှပဲ ကိုယ့်ဘာသာ သတိပြုမိတယ်။

ဆရာ ။ ။ ရှိသေးတယ်ကွ၊ မင်းရဲ့ "မြည်နေတဲ့ ထရမ်းပက်" စာအုပ်မှာ ပျော့စိစိ ကျောက်တုံးတွေဆိုတဲ့ အရေးအသား ငါတွေ့ခဲ့တယ်။ မင်းက အမှတ်သညာတွေကို ပြုပြင်ပြောင်းလဲဖို့ ကြိုးစားနေသူတစ်ယောက်လိုပဲ။

နေမျိုး ။ ။ ကျွန်တော်က အမှတ်သညာတွေကို ပြုပြင်ပြောင်းလဲဖို့ထိတော့ မကြိုးစားပါဘူး ဆရာ၊ တစ်ခုတော့ ရှိတယ်၊ အမှတ်သညာတွေကို နှိုးပေးပြီး တစ်ခုနဲ့တစ်ခု ဆက်စပ်စေကာ ပိုမိုကောင်းမွန်တဲ့ သိမှုရရှိအောင်တော့ ရှုန်းကန်လိုတယ် ဆရာ။

ဆရာ ။ ။ ငါက မင်းစိတ်ကြိုက်ဝေါဟာရတွေက ဘာများဖြစ်မလဲလို့တောင် စဉ်းစားခဲ့သေးတာကွ။ မင်းရဲ့ "ငါ့ကို အမှောင်ထဲ တစ်ယောက်တည်း မထားရစ်ခဲ့ကြပါနဲ့" စာအုပ်ထဲမှာ ကျောက်တုံးပေါ် ရောက်လာတဲ့ တောက်တဲ့ကို တွေ့ရတယ်။ မင်းဘာပြောချင်သေးသလဲ။

နေမျိုး ။ ။ ကျွန်တော် ရေးဖြစ်ခဲ့တာတွေကို ပြန်စဉ်းစားကြည့်ရင် အခုပြောနေတဲ့ "ကျွန်" ကဗျာကို ကြိုက်တယ်လို့ ပြောရမှာပဲ ဆရာ။ တစ်ချိန်က

mgyoe.com

mgyoe.com SAMPLE BOOK

အိဂျစ်နိုင်ငံမှာ တည်ဆောက်ခဲ့ကြတဲ့ ဖာရိုဘုရင်ရဲ့ဂူသင်္ချိုင်း၊ တူတန်ခမန်ရဲ့ဂူသင်္ချိုင်းနဲ့ မံမီရုပ်အလောင်းတွေ၊ ပြီးတော့ အုံ့မခန်း တည်ဆောက်ခဲ့ကြတဲ့ ပိရမစ်ကြီးတွေကို စိတ်ဝင်စားနေတာ ကြာပါပြီ။ ဆေးရည်စိမ်ရုပ်အလောင်းတွေဖြစ်တဲ့ မံမီတွေကို ဒီကနေ့ခေတ်သမိုင်းပညာရှင်တွေ၊ မနုဿဗေဒပညာရှင်တွေ လေ့လာနိုင်ခဲ့ကြတယ် ဆရာ။ ကျွန်တော်က "ကျွန်"တွေကို ချစ်ခင်လို့ ဒီကဗျာထဲမှာ ကြာပွတ်သံတွေ ထည့်မရေးခဲ့ဘူးလို့ ပြောချင်ပါတယ်။

ဆရာ ။ ။ ဟိုးအရင် တစ်ပတ်က ကဗျာဆရာတစ်ယောက်ဟာ မိမိလက်ကိုင်းသန်တဲ့ဘက်ကို သိထားရမယ်လို့ ငါပြောခဲ့ဖူးတာ မှတ်မိမယ် ထင်တယ်။ အခုကဗျာက မင်းလက်ကိုင်းသန်တဲ့ ပုံသဏ္ဌာန်ပဲကွ။ ငါက မင်းကိုမျှော်လင့်ထားတဲ့ နေရာကလေးတွေ ရှိတယ်။

နေမျိုး ။ ။ ဆရာပြောတာ နားလည်သလိုပါပဲ၊ မိမိပိုင်နိုင်ကျွမ်းကျင်စွာ ရေးနိုင်တဲ့ ပုံသဏ္ဌာန်နဲ့ မိမိ ထဲထဲဝင်ဝင်ရှိတဲ့ အကြောင်းအရာမျိုးတွေ ဖြစ်ရမယ်လို့ ပြောတာပဲ မဟုတ်လား ဆရာ။

ဆရာ ။ ။ အဲဒါအမှန်ပဲ။

နေမျိုး ။ ။ ကျွန်တော် စကားပြေ ကဗျာရေးဟန်ကို စိတ်ဝင်စားခဲ့တဲ့အချိန်တွေ ရှိတယ် ဆရာ။

ဆရာ ။ ။ မင်းက စကားပြေလည်း ရေးနေတဲ့သူဆိုတော့ အလွယ်တကူ စိတ်ဝင်စားနိုင်မှာပဲ။ အခု ငါတို့ပြောနေကြတဲ့ "ကျွန်" ကဗျာက မင်းရဲ့ လင်းပွင့်မှု ကလေးတစ်ခုကနေ ရလိုက်တာလို့ ငါတော့ ဆိုချင်သကွ။ ပြီးတော့ ဒီကဗျာက စနစ်ကျတဲ့ ဖွဲ့စည်းထားပုံ ရှိနေတယ်။ ပထမ အပိုဒ်ကို ဖတ်နေစဉ်မှာ ရှေ့ဆက် ဘာဖြစ်မလဲဆိုတာ ကဗျာဖတ်သူက မသိရဘူး၊ နို့ပေတဲ့ ဒုတိယအပိုဒ် ရောက်တော့ ဘာပြီးရင် ဘာလာမယ်ဆိုတာကို စာဖတ်သူက ရိပ်စားမိပြီ၊ တတိယအပိုဒ်မှာတော့ ကဗျာဖတ်သူက ကဗျာရေးသူရဲ့ စနစ်ထဲကို ရောက်သွားပြီး ကျေကျေနပ်နပ် လက်ခံနိုင်လိုက်တာပဲ မောင်ရာ။

နေမျိုး ။ ။ ဒီကဗျာနဲ့ ပတ်သက်ပြီး လင်းပွင့်မှုလို့ ဘာကြောင့် သုံးနှုန်းလိုက်ရတာလဲ ဆရာ။ အဲဒီလို သုံးနှုန်းဖို့က ထိုက်တန်ရဲ့လား။

ဆရာ ။ ။ ငါက မင်းရဲ့ကဗျာတွေအပေါ် မှာ ဘယ်တုန်းကများ အဲဒီလိုသုံးနှုန်း

mgyoe.com

mgyoe.com SAMPLE BOOK

ဖူးလို့ပဲ၊ ဒီကဗျာက လူသားရဲ့အပေါ်မှာ သမိုင်းတစ်လျှောက် ပိနေတဲ့ ဝန်ထုပ်ဝန်ပိုးနဲ့ လူသားရဲ့ စွမ်းဆောင်ရည်ကို ချိန်ညှိဖော်ပြနိုင်ခဲ့ရုံမက မွေ့လျော်ဖွယ်ဖြစ်အောင် သီကုံးဖွဲ့နွဲ့နိုင်ခဲ့လို့လို့ ပြောရတာပဲ။ မင်း ဒီကဗျာရေးနေစဉ်က ခက်ခဲပင်ပန်းနေခြင်း မရှိခဲ့ဘူးလို့ ငါထင်တယ်။

နေမျိုး ။ ။ အဲဒါကတော့ မှန်တယ် ဆရာ။ ဒီကဗျာ ရေးလိုက်ရလို့ လွတ်မြောက်ပေါ့ပါးသွားတာကတော့ အမှန်ပါပဲ။

ဆရာ ။ ။ ကဗျာရေးသူဟာ သူ့ရဲ့အလုပ်ကို သူသိထားရတယ်။ မင်းတစ်ခါက ပြောခဲ့ဖူးသလိုပေါ့၊ ကဗျာရေးတာဟာ မိမိရဲ့လူ့အဖြစ်ကို ဖွင့်ဟပြောပြတာပါ ဆိုတာလေ။ မင်းက "ကျွန်" ကဗျာနဲ့ လူ့အဖြစ်ကို အကောင်းဆုံး ဖွင့်ဟပြောနိုင်ခဲ့တယ်။

နေမျိုး ။ ။ ကျွန်တော့်အဖို့ ဒီနေ့စကားလက်ဆုံကျရတာ တကယ်ကျေနပ်ဖို့ကောင်းပါတယ် ဆရာ၊ ကျွန်တော်ဆရာ့ကို ဧည့်ဝတ်ပြုပါရစေ။

ဆရာ ။ ။ လုပ်မနေစမ်းပါနဲ့ကွာ၊ မင်းတို့ကဗျာဆရာတွေက ဘိုင်ကောင်တွေဆိုတာ ငါသိပါတယ်၊ လာ ငါနဲ့လိုက်ခဲ့ လမ်းထိပ်ကဆိုင်မှာ မင်းကို တစ်ခုခုကျွေးမယ်။

နေမျိုး ။ ။ ကောင်းပါပြီ ဆရာ။

၂၃. ၃. ၂၀၂၅

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၄

နေမျိုး ။ ။ ဒီနေ့ ကဗျာစာအုပ်အဟောင်းတစ်ခုကို လှန်ကြည့်မိတယ် ဆရာ။

ဆရာ ။ ။ ကဗျာစာအုပ်အဟောင်းဆိုတော့ တော်တော်ဟောင်းနေပြီလား။

နေမျိုး ။ ။ သိပ်... သိပ်ဟောင်းမြင်းနေတဲ့ စာအုပ်တော့ မဟုတ်ပါဘူး ၂၀၀၉ ဇန်နဝါရီက ထုတ်ဝေခဲ့တဲ့ စာအုပ်ဆိုတော့ ပုံနှိပ်မှတ်တမ်းအရ ဆိုရင် လွန်ခဲ့တဲ့ ၁၆ နှစ်က ထုတ်ဝေခဲ့တဲ့ စာအုပ်ပါပဲ။

ဆရာ ။ ။ လွန်ခဲ့တဲ့ ၁၆ နှစ်က စာအုပ်လား၊ အေး ၁၆ နှစ်ဆိုတာ လူတစ်ယောက် အရွယ်ရောက်ကြီးပြင်းဖို့ ကောင်းကောင်းလုံလောက်တဲ့ နှစ်ကာလ အတိုင်းအတာပဲကွ။ ပြီးတော့ စာပေဆိုင်ရာ အယူအဆတစ်ခု ခိုင်မာလာဖို့ ဒါမှမဟုတ် ပြောင်းလဲသွားဖို့လည်း ကောင်းကောင်း လုံလောက်တယ်လို့ ပြောရမှာပဲ။

နေမျိုး ။ ။ စာပေ... စာပေဆိုင်ရာအယူအဆ တစ်ခုခိုင်မာလာဖို့ ၁၆ နှစ်တောင် အချိန်ယူရသလား ဆရာ။

ဆရာ ။ ။ ငါ့အယူအဆကတော့ စာပေဆိုင်ရာ အယူအဆတစ်ခု ခိုင်မာလာဖို့ ဆယ်စုနှစ်တစ်ခုဆိုရင်ကိုပဲ ရပြီလို့ ထင်ပါတယ်။ မင်းပြောတဲ့လွန်ခဲ့တဲ့ ၁၆ နှစ်က ကဗျာစာအုပ်မှာ ဘယ်သူတွေ ပါဝင်ရေးသားထားကြသလဲ။

နေမျိုး ။ ။ အင်း... အင်း၊ ကဗျာဆရာ ခြောက်ယောက် ပါဝင်ရေးသားထားကြ

mgyoe.com

mgyoe.com SAMPLE BOOK

တယ် ဆရာ။ ကဗျာစာအုပ်ကို "ကြယ်များနဲ့အတူ" လို့ အမည်ပေး ထားတယ်။ ပါဝင်ရေးသားကြတဲ့ ကဗျာဆရာတွေက မောင်ဆေးရိုး၊ နေမျိုး၊ ကိုထက်(ရေဦး)၊ ထွန်းလွင်သွယ်(ဆူးဖြူရိပ်)၊ ဇော်ထိန်၊ နေညိုအောင်တို့ပါပဲ ဆရာ။

ဆရာ ။ ။ မင်းတို့သူငယ်ချင်း ကဗျာဆရာတွေ စုပေါင်းရေးသား ထုတ်ဝေကြတာပေ့ါ။

နေမျိုး ။ ။ ဟုတ်... ဟုတ်ပါတယ် ဆရာ။

ဆရာ ။ ။ ၂၀၀၉ ခုနှစ်ဟာ စာပေအနုပညာဆိုင်ရာ ဖြစ်ထွန်းပေါ် ပေါက်မှုကို လေ့လာလို့ကောင်းတဲ့နှစ်လို့ ငါတော့ ထင်တယ်။

နေမျိုး ။ ။ ဟုတ်လား... ဟုတ်လား ဆရာ။ ဘာကြောင့်များလဲ။

ဆရာ ။ ။ ငါတို့မျိုးဆက်နဲ့ မင်းတို့မျိုးဆက်အကြား နားလည်မှု အကြိုးစားတွေ ရနိုင်တဲ့နှစ် ဖြစ်နေလို့ပဲကွ။

နေမျိုး ။ ။ ဩော်... ဩော်... ဟုတ်လား ဆရာ။ အဲဒါကို ကျွန်တော် သေသေချာချာ စဉ်းစားကြည့်ပါမယ် ဆရာ။

ဆရာ ။ ။ မင်းက စဉ်းစားကြည့်မယ်ပေ့ါ ဟုတ်လား၊ ငါ မင်းနဲ့ ခုလို စကားပြောဖြစ်နေတာ အဲဒါကြောင့်ပဲကွ။ မင်းအနေနဲ့ ကဗျာရေးသူတစ်ယောက်မှာရှိနေရမဲ့ အခြေခံ အင်္ဂါရပ်တချို့ ရှိနေတယ်လို့ ငါထင်တယ်။

နေမျိုး ။ ။ ကဗျာ...ကဗျာရေးသူတစ်ယောက်မှာ ရှိနေရမဲ့ အခြေခံအင်္ဂါရပ်တွေက ဘာတွေများလဲ ဆရာ။

ဆရာ ။ ။ အေး ငါကလည်း ဒါကို ပြောချင်နေတာကြာပြီကွ၊ ကဗျာရေးသူတစ်ယောက်မှာရှိရမဲ့ အခြေခံအင်္ဂါရပ်က လိုတိုရှင်းပြောရရင် ဖန်တီးလိုစိတ်၊ စာနာစိတ်နဲ့ ရိုးသားမှု ဒါဆိုရင် အတော်ဟန်ကျပြီကွ။

နေမျိုး ။ ။ ကျွန်တော်... ကျွန်တော်လည်း အဲဒီလို စဉ်းစားမိတဲ့အချိန်တွေ ရှိပါတယ် ဆရာ။ စာနာစိတ်ကို လူပီသမှုနဲ့ တွဲဖက်။

ဆရာ ။ ။ အေး... မင်းပြောတာမဆိုးဘူး၊ စာနာစိတ်ကိုလူပီသမှုနဲ့ တွဲဖက်တယ်ဆိုရင် ဖန်တီးလိုစိတ်ကိုရောကွာ။

နေမျိုး ။ ။ ဖန်တီး... ဖန်တီးလိုစိတ်ကို ဘဝအတွေ့အကြုံနဲ့ ပေါင်းစပ်မယ် ဆရာ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာ ။ ။ မင်းက မြင်တတ်သားပဲ၊ ဒါဆို ရိုးသားမှုကို ဘယ်လိုမွမ်းမံချင်သလဲ။

နေမျိုး ။ ။ ဆရာ... ဆရာရယ် ရိုးသားမှုက စာရိတ္တကို ဖြစ်ပေါ်စေနိုင်တယ်၊ စာရိတ္တက ကိုယ်ကျင့်သီလကို တည်စေနိုင်တယ် ကိုယ်ကျင့်သီလက ဓမ္မဉာဏ်ကို ကိန်းစေနိုင်တယ် မဟုတ်လား ဆရာ။

ဆရာ ။ ။ ငါ မင်းနဲ့ စကားပြောရတာ လက်ပေါက် သိပ်မကပ်တော့ဘူး၊ မင်းနဲ့ ဟိုတုန်းက ပြောရဆိုရတာ သိပ်လက်ပေါက်ကပ်ခဲ့တာပဲ။

နေမျိုး ။ ။ ဟုတ်လား... ဟုတ်လား ဆရာ၊ ဘယ်နေရာတွေမှာ လက်ပေါက်ကပ်ခဲ့တာလဲ။

ဆရာ ။ ။ အဲဒီတုန်းက မင်းက သိပ်အငြင်းသန်တာပဲ၊ လွန်ခဲ့တဲ့ နှစ်သုံးလေးဆယ်က ဆိုတော့ မင်းက လူငယ်ဘ၀ ကိုယ်ရည်ကိုယ်သွေးဇကာ ရှိနေချိန်ကိုး။

နေမျိုး ။ ။ ခု... ခုတော့ ကျွန်တော်လည်း အပိုးကျိုးပါပြီ ဆရာ။ အသက်ကလည်း ၆၀ ကျော်ခဲ့ပါပြီ။

ဆရာ ။ ။ ငါက မင်းအသောက်သမားဖြစ်မသွားတာကိုဘဲ ကျေးဇူးတင်လှပါပြီ မောင်ရာ။ မင်းတို့မျိုးဆက်ရှေ့က ကဗျာဆရာတွေကို မင်းတို့ ကျေးဇူးတင်သင့်တယ်ကွ။

နေမျိုး ။ ။ အဲဒါကို ရိပ်စားမိပါတယ် ဆရာ။ သူတို့ဖောက်ခဲ့တဲ့လမ်းကို ကျွန်တော်တို့ လျှောက်လှမ်းခဲ့ကြတာမို့ သေသေချာချာ ကျေးဇူးတင်ရမှာပါပဲ။

ဆရာ ။ ။ မင်းကို လွှမ်းမိုးတဲ့ကဗျာနဲ့ ကဗျာဆရာတွေရှိသလား။ ငါ့ကို ပြောပြစမ်းပါ။

နေမျိုး ။ ။ ကျွန်တော်... ကျွန်တော်က ၁၉၉၀ ပြည့်နှစ်များမှာ စာမျက်နှာပေါ် စရောက်တာမို့ ပြီးပြည့်စုံနေပြီဖြစ်တဲ့ ခေတ်ပေါ်ကဗျာရဲ့ အကျိုးအာနိသင်ကို ရရှိခံစားခဲ့ရသလို ခေတ်ပေါ်ကဗျာကို အာရုံငြိတွယ်သူတစ်ယောက်လည်း ဖြစ်သွားပါတယ်။ ကျွန်တော့် ကြိုက်နှစ်သက်တဲ့ ကဗျာဆရာတွေက မောင်ပြည့်မင်း၊ သုခမိန်လှိုင်၊ ဇေယျာလင်း၊ ပြီးတော့ အခြားခေတ်ပေါ်ကဗျာဆရာ များနည်းတူ အောင်ချိမ့်၊ မောင်ချောနွယ်၊ သစ္စာနီပေါ့ဆရာ။ ဒါပေမဲ့ အခုနောက်ပိုင်းမှာ ကဗျာရဲ့ လွတ်မြောက်မှုနဲ့ လူသားရဲ့ကျင့်ဝတ်စံနှုန်း ဟန်ချက်မိနေတဲ့ကဗျာတွေကို ပိုကြိုက်လာတယ်လို့ ပြောရမှာပဲ ဆရာ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာ ။ ။ မင်းကြည့်ရတာ ပြင်းပြတဲ့ စိတ်ခံစားချက်တွေကို နှံ့သွားသလိုပဲ၊ ဟုတ်ရဲ့လား။

နေမျိုး ။ ။ ဟုတ်ပါတယ် ဆရာ။ ပြင်းပြတဲ့ စိတ်ခံစားချက်တွေကို လူငယ်ဘဝက အမှန်တရားလို့ ထင်ခဲ့မိတယ် ဆရာ။

ဆရာ ။ ။ ခုရော အဲဒီလိုထင်နေတုန်းပဲလား။ ငါ့ကို ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်း ပြောနိုင်တယ်။

နေမျိုး ။ ။ ခု... ခုတော့ ကျွန်တော့်အမြင်ပြောင်းလဲသွားပြီလို့ ပြောရမှာပဲ။ ပြင်းပြတဲ့ စိတ်ခံစားချက်က ကျွန်တော့်အဖေ ပြောဖူးတဲ့စကားကို သတိရစေတယ် ဆရာ။

ဆရာ ။ ။ ဘာများပါလဲ၊ သိပါရစေ။

နေမျိုး ။ ။ ကျွန်... ကျွန်တော့် အဖေက မြန်မာဆိုင်းဆရာကြီးတစ်ဦးပါ ဆရာ။

ဆရာ ။ ။ အေးလေ ဟုတ်သားပဲ၊ အဲဒါကို ငါသိပါတယ်။ ဆိုင်းလည်း ဆိုင်းဆရာ၊ စာလည်း စာရေးဆရာ မဟုတ်လား။

နေမျိုး ။ ။ ဟုတ်... ဟုတ်ပါတယ်၊ အဖေက စာရေးရတာကို သိပ်ဝါသနာပါတာ၊ ဖောင်တိန်ဟာ ကျုပ်မြတ်နိုးတဲ့ ပစ္စည်းတစ်ခုပဲလို့လည်း ပြောသွားခဲ့တယ်။

ဆရာ ။ ။ နေရာကျလိုက်တဲ့ စကားကွာ။

နေမျိုး ။ ။ စောစောကစကား ပြန်ကောက်မယ် ဆရာ၊ အဖေက ပြောဖူးပါတယ် သူတီးတဲ့ဆိုင်းဝိုင်းထဲက သုံးပေါက်လုံးကို "ဒီကောင်က ကွန်မြူနစ်" လို့ ဆိုခဲ့သဗျ။

ဆရာ ။ ။ ဇေဗ္ဗပတ်လုံးက ထန်လို့လား။

နေမျိုး ။ ။ အဖေ... အဖေက သုံးပေါက်လုံးကို ဒီကောင်က ကွန်မြူနစ်ကွ ကောင်းရင်လည်း သိပ်ကောင်းသွားနိုင်တယ် ဆိုးရင်လည်း သိပ်ဆိုးသွားနိုင်တယ်လို့ ပြောခဲ့တာပဲ။

ဆရာ ။ ။ ငါက မြန်မာ့ဂီတနဲ့ ပတ်သက်လို့ စိမ်းပါတယ်။ ဒါပေမဲ့ မြန်မာ့ဂီတရဲ့ သံစဉ်ခုနစ်ပါးမှာ မင်း ဖခင်ကြီးပြောပြတဲ့ သုံးပေါက်လုံးက အခရာကျနေတာကို ပြောပြသလို နားလည်မိတယ်။

နေမျိုး ။ ။ ခံစားမှုကလည်း အဲဒီလိုပဲ၊ ကောင်းရင်လည်း သိပ်ကောင်းသွားနိုင်သလို ဆိုးရင်လည်း သိပ်ဆိုးသွားမှာပဲလို့ အခုချိန်မှာ စဉ်းစား

mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်မိပြီ ဆရာ။

ဆရာ ။ ။ မင်းပြောဖူးတာတစ်ခုကိုလည်း သတိရတယ်၊ ဆင်ခြင်တုံတရားကြီးစိုးတဲ့ ခေတ်ဆိုတာလေ။ စစ်ရိပ်စစ်ငွေ့သမ်းနေချိန်မှာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ ဆင်ခြင်တုံတရားကြီးစိုးတဲ့ခေတ် ဆိုတာကို ငါတို့ ဘယ်လိုပြောကြမလဲ။

နေမျိုး ။ ။ ကျွန်တော် အမြင်အရ ဆင်ခြင်တုံတရားကို ယိုယွင်းပျက်စီးသွားစေတာက ဘာတွေဖြစ်မလဲလို့ ကြံဆအပ်တယ်လို့ သဘောရပါတယ် ဆရာ။

ဆရာ ။ ။ မင်းက ကဗျာဆရာတစ်ယောက်မှာ ခေတ်သုံးခေတ်ရှိတယ်လို့ ပြောခဲ့ဖူးတာ သတိရစရာပဲ။ ဘာတဲ့ ချစ်မေတ္တာ စိတ်ကြွယ်ဝတဲ့ခေတ်၊ လှုပ်ရှားရုန်းကန်ရတဲ့ခေတ်၊ ဆင်ခြင်တုံတရားဒဿန ပွားများတဲ့ ခေတ်ဆိုတာတွေလေ။

နေမျိုး ။ ။ ဟုတ်ကဲ့... ဟုတ်ကဲ့၊ အဲဒီလို ပြောခဲ့ဖူးပါတယ်။

ဆရာ ။ ။ အဲဒါ ကဗျာဆရာအများစုနဲ့ အကျုံးဝင်နေတယ်။ ဘာတဲ့ တချို့ ကဗျာဆရာတွေမှာ ချစ်မေတ္တာစိတ်ကြွယ်ဝတဲ့ခေတ်က နောက်တစ်ကျော့ ပြန်လာနိုင်တယ်လို့ ဆိုထားပြီး ရုရှားစာရေး ဆရာကြီး ဖြိုဒါဒေါ့စတိုယက်စကီးနဲ့ သူငှားရမ်းထားတဲ့ လက်ရေးတို စာရေးမကလေး အင်နာရဲ့ အချစ်ဇာတ်လမ်းကို ထင်ဟပ်ဖော်ပြထားတာက စိတ်လှုပ်ရှားစရာပဲကွ။ နေစမ်းပါဦး၊ မင်းက အခု ချစ်မေတ္တာစိတ်ကြွယ်ဝတဲ့ခေတ်ကို နောက်တစ်ကြိမ် ရောက်များနေသလားကွ။

နေမျိုး ။ ။ ဟား... ဟားဟားဟား၊ ဆရာ့တပည့်က အဲဒီလောက်မစွံပါဘူး ဆရာရယ်။ နို့ပေတဲ့ ဒီရက်တွေမှာ စာရေးရင် အကူအပံ့ရအောင် အချစ်သီချင်းတွေတော့ နားထောင်ဖြစ်တယ်။

ဆရာ ။ ။ အချစ်သီချင်းတွေကို အသက်ကြီးမှ နားထောင်ပြီး စာရေးနေတယ် ပေါ့။

နေမျိုး ။ ။ ဟုတ်... ဟုတ်ပါတယ် ဆရာ။ မာမာအေး သီဆိုတဲ့ "ဘဝချင်းဆုံတွေ့ပါရစေ"၊ မြို့မငြိမ်းရဲ့ "နှစ်ယောက်ထဲဆိုရင်"၊ မေသက်ထားဆွေ သီဆိုတဲ့ "တစ်နာရီထဲ မောင်နဲ့ချစ်ပါရစေ" တွေကို မကြာခဏ နားထောင်ဖြစ်တယ် ဆရာ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာ ။ ။ မင်း အသက်ကြီးသွားပြီကိုး။ အဲဒါတွေက ခေတ်ဟောင်းသီချင်းတွေကွ။

နေမျိုး ။ ။ ဟုတ်လား... ဟုတ်လား ဆရာ။ နေပါဦး၊ ကျွန်တော်တို့ရဲ့ ပြီးခဲ့တဲ့ ၁၆ နှစ်က ထုတ်ဝေခဲ့တဲ့ ကဗျာစာအုပ်ထဲက ကျွန်တော့်ကဗျာ တစ်ပုဒ် ဖတ်ပြပါရစေ။

ဆရာ ။ ။ ဖတ်ပြပါ၊ နားထောင်ဖို့အသင့်ပါပဲ။

နေမျိုး ။ ။ ကဗျာ... ကဗျာက ဒီလိုပါ။

*"ခြူသံများ"*
*ကျွန်တော့်ရဲ့ လက်တွေကို*
*ဘောင်းဘီအိတ်ထဲ ထည့်ထားလိုက်တယ်*
*သူတို့အသုံးချမရအောင်လို့။*
*ကျွန်တော့်ဦးခေါင်းကို*
*ဦးထုပ်ဆောင်းထားလိုက်တယ်*
*မီးခိုးအူနေတဲ့ အတွေးတွေ သူတို့မတွေ့ရအောင်လို့။*
*ကျွန်တော့်မျက်လုံးတွေကို*
*မျက်မှန်တပ်ထားလိုက်တယ်*
*ကျွန်တော့်ရဲ့ ကြေကွဲမှုကို သူတို့ စုပ်မသယ်နိုင်အောင်လို့။*
*ကျွန်တော့်ခြေထောက်တွေကို*
*ခြူတွေ ဆွဲထားလိုက်တယ်*
*တစ်နေ့မှာ*
*ကျွန်တော် ပြန်လာကြောင်း*
*မှောင်ထဲမှာ အိပ်ပျော်နေမယ့် မြို့ကြီးကြားသိအောင်လို့ပေါ့။*
*နေမျိုး*
*၁၉၉၉ တွင် ဤကဗျာကို ရေးသားပြီးစီးသည်။*

*၃၁. ၃. ၂၀၂၅*

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း - ၅

နေမျိုး ။ ။ ကျွန်တော် ဒီနေ့သုံးကြောင်း ကဗျာကလေးတွေကို ပြန်သတိရနေတယ် ဆရာ။

ဆရာ ။ ။ ခံစားမှုက လှိုက်လှိုက်လှဲလှဲ ဖြစ်နေချိန်ဆိုရင် သုံးကြောင်းကဗျာလေးတွေ ဖတ်ရတာ ကျေနပ်စရာပဲ။

နေမျိုး ။ ။ သုံး… သုံးကြောင်းကဗျာကို ဆရာ ဘယ်လိုသဘောရပါသလဲ။ ဆရာ့အမြင် သိပါရစေ။

ဆရာ ။ ။ သုံးကြောင်းကဗျာကို ဘယ်လိုမြင်ရမလဲကွ။ စာကြောင်း သုံးကြောင်း ပဲပါတဲ့ ကဗျာလို့ မြင်တာပဲ။ နှိုပေတဲ့ သူက စာကြောင်းအလိုက်၊ ဝေါဟာရအလိုက်၊ အက္ခရာအလိုက် နောက်ထပ်ဖြည့်စရာ၊ တစ်ဖန် ပယ်နုတ်စရာ ဘာမျှမလိုအပ်တော့ပဲ ပြီးပြည့်စုံနေတဲ့ ကဗျာလို့ ဆိုနိုင်သကွ။

နေမျိုး ။ ။ သုံးကြောင်းကဗျာ ရေးရတာက အခြားကဗျာတွေ ရေးရတာထက် ပိုမိုခက်ခဲတယ်လို့ ပြောကြတာကို ကြားဖူးထားပါတယ် ဆရာ။ အဲဒီအတိုင်းက တကယ်ပဲလား။ ဘာကြောင့် ပိုမိုခက်ခဲတယ်လို့ ပြောတာလဲ ဆရာ။

ဆရာ ။ ။ တကယ်တမ်းမှာ ကဗျာရေးရတဲ့အလုပ်ကို မင်းက ပိုသိရမှာပေါ့၊

mgyoe.com

mgyoe.com SAMPLE BOOK

ဘာဖြစ်လို့လဲဆိုတော့ မင်းက ကိုယ်တိုင်ကဗျာရေးနေသူတစ်ယောက်မို့လို့ပဲ။ ဒါပေမဲ့ အပြင်လူတစ်ယောက်၊ လေ့လာသူတစ်ယောက်အနေနဲ့ ငါ့အမြင်ကို ပြောရရင် သုံးကြောင်းကဗျာရေးရတာက ပိုမိုခက်ခဲတယ်ဆိုတာ ယုတ္တိတန်တယ်ကွ။ သူက ကန့်သတ်ချက်အတွင်းမှာ ပြီးပြည့်စုံအောင် အားထုတ်ရတာကိုး။ နို့ပေတဲ့ ဒါက ကဗျာမှုကိစ္စဆိုတော့ ကဗျာဆရာရဲ့ လိပ်ပြာနိုးမှု၊ အာရုံဝင်စားနိုင်မှုနဲ့ ကဗျာဖြစ်သွားမှုတို့ကို လေ့လာကြည့်ရင် လွယ်လွယ်ကူကူ မွေးဖွားလိုက်နိုင်တဲ့ ကဗျာတွေလည်း ရှိနေလိမ့်မယ်။

နေမျိုး ။ ။ ကဗျာ... ကဗျာလိပ်ပြာနိုးတာကို ဆရာ လက်ခံတယ်ပေါ့။

ဆရာ ။ ။ လက်ခံပါတယ် မောင်ရာ။ လိပ်ပြာနိုးတယ်ဆိုတာ တကယ်ရှိတယ်ကွ။ ပရလောကနဲ့ ယှဉ်ထိုး စဉ်းစားစရာဖြစ်နေပေမဲ့ လိပ်ပြာနိုးတယ်ဆိုတာ သိစိတ်၊ ဉာဏ်ရည်နဲ့ အာရုံကွန့်မြူးမှု တစ်ထပ်တည်းကျတဲ့ အချိန်လို့တောင် ငါက ဆိုလိုက်ချင်သကွ။

နေမျိုး ။ ။ အဲဒီအကြောင်း လင်းပါဦး ဆရာ။

ဆရာ ။ ။ ဟိုက္ကူကဗျာဆရာကြီး ဗသျိုးက ခရီးလှည့်လည်ရင်း လမ်းခုလတ်တစ်နေရာမှာ ညအိပ်ရပ်နားတော့ မြင်းတင်းကုတ်တစ်ခုထဲမှာ အိပ်ခဲ့ရသကွ။ မြင်းတင်းကုပ်ထဲမှာ မြင်းသေးနံ့တွေဟောင်လို့ အိပ်ရတဲ့နေရာက ကြမ်းပိုးတွေနဲ့ အပြင်ဘက်မှာ မိုးကရွာထားဟန်တူတယ်ကွ။ နို့ပေတဲ့ အဲဒါကို မညည်းညူဘဲ ကဗျာလိပ်ပြာနိုးပြီး ဟိုက္ကူကဗျာကလေးတစ်ပုဒ်တောင် ရေးခဲ့တယ်ဆိုပဲကွ။ နေရာကျလှသကွာ။

နေမျိုး ။ ။ ကဗျာ... ကဗျာလိပ်ပြာနိုးရတာကလည်း မစားသာပါလား ဆရာ။

ဆရာ ။ ။ အရာရာကို လက်ခံနိုင်စွမ်းရှိပြီး မြော်ခေါ်ကြည့်တတ်သူတစ်ယောက်အဖို့ရာမှာ ဘာမဆို စိတ်ဝင်စားစရာတွေ ဖြစ်သွားနိုင်တာပဲကွ။ မင်းရဲ့ ကိုယ်တွေ့ကဗျာ အာရုံဝင်စားမှု လိပ်ပြာနိုးမှုကို ဥပမာနဲ့ မှတ်မိသလောက် ပြောစမ်းကွာ။

နေမျိုး ။ ။ *ပြာပုံထဲမှာခွေး*
*ထင်းပုံအောက်မှာ မြွေ*
*မိုးတဖျောက်ဖျောက်။*

mgyoe.com

mgyoe.com SAMPLE BOOK

ဒါကျွန်တော့်ရဲ့ သုံးကြောင်းကဗျာလေးပဲ ဆရာ။ ဝါဆိုလကြီးထဲမှာ ကျွန်တော့်အနီးက ပြာပုံထဲ ခွေးတစ်ကောင်ကဝပ်လို့။ ထင်းပုံက အနီးမှာ၊ ဒါကို ထင်းပုံအောက်မှာ မြွေလို့ ရေးလိုက်တယ်။ အပြင်ဘက်မှာ မိုးတဖျောက်ဖျောက် ကျနေလို့ တတိယစာသား မိုးတဖျောက်ဖျောက်ကို ရေးလိုက်တာပဲ။ ဝါဆိုလကြီးထဲမို့ ကဗျာကို "ဝါဆိုလ"လို့ ခေါင်းစဉ်ပေးလိုက်တယ် ဆရာ။

ဆရာ ။ ။ နေရာကျသကွာ။ ထင်းပုံအောက်မှာမြွေ ဆိုတာက ကဗျာခေါင်းစဉ် ဝါဆိုလကြောင့် ပိုပြီး လေးနက်သွားတယ်။ မြွေတွေဟာ တစ်လ ကိုးသီတင်း အစာမစားဘဲ အကြာကြီး ငြိမ်သက်နေနိုင်ကြတယ်လို့ ငါကြားဖူးတယ်။ ဝါဆိုလဆိုတာ ရဟန်းတော်တွေ ဝါဆိုကြတဲ့လပဲလို့ အားလုံးသိထားတဲ့အချက်က ထင်းပုံအောက်က မြွေကို ထူးထူးဆန်းဆန်း ရှုမြင်စရာ ဖြစ်သွားတယ်။ ဒီကဗျာရေးနေစဉ် တင်ကူးစဉ်းစားထားတာ ဘာများရှိသလဲ။

နေမျိုး ။ ။ မရှိဘူး ဆရာ၊ ဘာကိုရေးမယ်လို့ ကြိုတင်စဉ်းစားမထားပဲ ရေးဖြစ်ခဲ့တာပါပဲ။ ပြာပုံထဲက ခွေး ကိုတော့ ဒီလိုစဉ်းစားမိတာရှိတယ် ဆရာ၊ ပြာပုံအသင့်၊ အမဲရိုးအသင့်လို့။

ဆရာ ။ ။ မင်းက တစ်ချက်တစ်ချက် Active ဖြစ်တယ်ကွ။ အဲဒါကောင်းတယ်။ မွဲချင်တဲ့ခွေး ပြာပုံတိုးလို့ ဆိုရိုးစကားရှိခဲ့တာကို ပြာပုံအသင့် အမဲရိုးအသင့်ဆိုတော့ ရေကန်အသင့် ကြာအသင့်ကနေ လာတာ ဖြစ်သွားကရော။

နေမျိုး ။ ။ ကျွန်တော်... ကျွန်တော်မြွေတွေကို စိတ်ဝင်စားတယ်။ မြွေတွေက သူတို့ကို ရန်မမူရင် လူကို အန္တရာယ် မပေးဘူးဆိုတာလည်း ကြားဖူးတယ်။ အဲဒီလို ကြားဖူးတာကိုလည်း ယုံမိတယ် ဆရာ။

ဆရာ ။ ။ မင်းရဲ့ကဗျာကို ငါကြိုက်သွားပြီ။ ပြာပုံမှာ ခွေးတစ်ကောင်က ဝပ်လို့၊ ထင်းပုံအောက်မှာ မြွေက ခွေလို့၊ မိုးကလေး တဖျောက်ဖျောက်ကျလို့။ ဝါဆိုလတဲ့။

နေမျိုး ။ ။ ကျွန်တော်... ကျွန်တော်က တိုက်ရိုက်အမိပ္ပာယ်ကို အားပြုပြီး ရေးခဲ့တာ ဆရာ။ ကျွန်တော်ရောက်ခဲ့တဲ့ နေရာတစ်ခုမှာ အဲဒီအတိုင်းပဲ။

ဆရာ ။ ။ ငါသိပါတယ်။ ဒီကဗျာလေးရဲ့ ဆွဲဆောင်မှုက ထင်းပုံအောက်က

mgyoe.com